# Information Sheet



**VOLUME I, ISSUE 59** 27 June 2022


| ★ | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် | ၁ |
| ၂ | နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး | ၄ |
| ၃ | ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက် | ၇ |
| ၄ | ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်က အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ သဝဏ်လွှာပေးပို့ | ၁၀ |
| ၅ | အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့၌ မူးယစ်ဆေးဝါးများ မီးရှို့ဖျက်ဆီး | ၁၂ |
| ၆ | နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ | ၁၆ |

| | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇ | ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး (DKBA) မှ ကိုယ်စားလှယ်အဖွဲ့နှင့် စိုက်ပျိုးမွေးမြူရေးအခြေခံသော ဒေသစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာများ ဆွေးနွေး | ၁၇ |
| ၈ | ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး | ၁၈ |
| ၉ | ပြည်ထောင်စုဝန်ကြီး ဒေါက်တာငွေအောင် အင်ဒိုနီးရှားနိုင်ငံ၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးတီထွင်ဆန်းသစ်မှုဆိုင်ရာဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက် | ၁၉ |
| ၁၀ | ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ | ၂၁ |
| ၁၁ | ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ် | ၂၃ |
| ၁၂ | မြို့နယ်အချို့ရှိ PDF အကြမ်းဖက်သမားများက ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြှင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး | ၂၄ |
| ၁၃ | မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများပြုလုပ် | ၂၆ |
| ၁၄ | PDF အကြမ်းဖက်သမားများ၏ Drone ယာဉ်ဖြင့် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး | ၃၀ |
| ၁၅ | PDF အကြမ်းဖက်အဖွဲ့က မြို့ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် မဆင်မခြင် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး | ၃၁ |

# Information Sheet

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက်



ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားကို ဇွန်လ ၂၆ ရက်တွင် နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဒက္ခိဏသီရိမြို့နယ်၊ မာရဝိဇယ ဘုရားသွားလမ်း စံပယ်လမ်းဝဲယာ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ ကံ့ကော်ပျိုးပင်ကို ဦးဆောင်စိုက်ပျိုးပေးခဲ့ပါသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ ကောင်စီအတွင်းရေးမှူးနှင့်ဇနီး၊ တွဲဖက်အတွင်းရေးမှူးနှင့်ဇနီး၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် ဝန်ကြီးဌာနများမှ ဌာနဆိုင်ရာအရာထမ်း၊ အမှုထမ်းများ၊ သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြပါသည်။

သစ်ပင်စိုက်ပျိုးပွဲ၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင်–

- ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်းပါဝင်မှုဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ မြို့ပြနှင့် ကျေးလက်များ စိမ်းလန်းစိုပြေသန့်ရှင်းသာယာလှပစေရန်၊ ပြည်သူများ အပန်းဖြေနားနေစရာ စိမ်းလန်းမြေများဖွံ့ဖြိုးလာစေရန်နှင့် သစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံနှင့်အဝှမ်း ကျင်းပနေကြခြင်းဖြစ်ကြောင်း။
- မြန်မာနိုင်ငံတွင် သစ်တောဖုံးလွှမ်းမှုသည် ၂၀၀၀ ပြည့်နှစ်၌ နိုင်ငံဧရိယာ၏ ၅၂ ရာခိုင်နှုန်းရှိပြီး ၂၀၂၀ ပြည့်နှစ်တွင် ၄၂ ဒသမ ၁၉ ရာခိုင်နှုန်းရှိသည့်အတွက် သစ်တောဖုံးလွှမ်းမှုပိုမိုလျော့နည်းမသွားစေရေး၊ သစ်တောမြေမှ အခြားမြေအဖြစ် ပြောင်းလဲအသုံးချမှုမရှိစေရေးတို့အတွက် သစ်တောမူဝါဒများနှင့်အညီ တာဝန်ရှိသူများနှင့် နိုင်ငံသားများအားလုံးက ပူးပေါင်းဆောင်ရွက်ပေးကြရန် အသိပေးတိုက်တွန်းလိုကြောင်း။
- နေပြည်တော်ကောင်စီနယ်မြေအတွင်းတွင် မြို့ပြသစ်တောစိုက်ပျိုးထိန်းသိမ်းရေးလုပ်ငန်းများကို ၂၀၀၆ –၂၀၀၇ ခုနှစ်များမှ စတင်ပြီး ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည့်အတွက် စိမ်းလန်းစိုပြေသည့် ပတ်ဝန်းကျင်ကို ပိုင်ဆိုင်ပြီး နွေရာသီတွင် အပူချိန်လျော့နည်းခဲ့ခြင်း၊ မျှတသည့်ရာသီဥတုကို ရရှိခဲ့ခြင်းများကြောင့် စိမ်းလန်းပြီး သန့်ရှင်းသည့် မြို့ပြတစ်ရပ်တည်ထောင်နိုင်ခဲ့ခြင်း၏ အကျိုးရလဒ်အဖြစ် လက်တွေ့ခံစားသိမြင်နိုင်ကြသည်ကို အားလုံးအသိဖြစ်ကြောင်း။




**နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့က ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကုံကော်ပင်များကို ဦးဆောင်စိုက်ပျိုးနေမှု**

- ယနေ့သစ်ပင်စိုက်ပျိုးပွဲပြုလုပ်သည့်နေရာသည် ကမ္ဘာတွင် အကြီးဆုံးဖြစ်လာမည့် မာရဝိဇယရုပ်ပွားတော်မြတ်ကြီး တည်ရှိရာသို့ နေပြည်တော်မှဝင်ရောက်ရာ အဓိကလမ်းဖြစ်သော စံပယ်လမ်းဖြစ်ကြောင်း၊ ယင်းလမ်းကို အမြဲတမ်းစိမ်းလန်းသာယာစေရန် ပန်းကိုအခြေခံသည့် နှစ်ရှည်ပင်များဖြစ်သော ကုံကော်၊ စိန်ပန်းနှင့် ခရေပင်များ စိုက်ပျိုးခြင်းဖြစ်ပြီး ယခုလမ်းကြီးကို ၄ လမ်းသွားအဖြစ် ဆောင်ရွက်လျက်ရှိကြောင်း။
- နေပြည်တော်ကို သစ်တောသစ်ပင်များဖြင့် စိမ်းလန်းစိုပြေပြီး သဘာဝပတ်ဝန်းကျင်သန့်ရှင်းသာယာလှပသည့် Green and Clean City အဖြစ် ရေရှည်တည်ထောင်နိုင်ရေးနှင့် အခြားတိုင်းဒေသကြီး/ ပြည်နယ်များတွင်လည်း ပတ်ဝန်းကျင် ရေရှည်ကောင်းမွန်သည့် Green and Clean Cities များ တိုးမြှင့်ဆောင်ရွက်နိုင်ရေးတို့ကို အမြော်အမြင်ကြီးကြီးဖြင့် အလေးထားဆောင်ရွက်ကြရန် လိုကြောင်း။
- နိုင်ငံတော်အစိုးရအနေဖြင့် ပတ်ဝန်းကျင်စိမ်းလန်းစိုပြေရေးလှုပ်ရှားမှု (Green Campaing)များ မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိရာ ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူလူငယ်မျိုးဆက်သစ်များကို ပူးပေါင်းပါဝင်စေခြင်းသည် အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများနှင့် ပိုမိုစိမ်းလန်းစိုပြေပြီး ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့်ဂေဟစနစ်များကို ထိန်းသိမ်းနိုင်ရေးသည် အရေးကြီးသည်ဆိုသည့် အသိစိတ်ကို ရရှိစေကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့က ကုံကော်ပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးခဲ့ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသည့် တာဝန်ရှိသူများနှင့် သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်နှင့် အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများသည် စံပယ်လမ်းဝဲယာ၌ ပျိုးပင်များကို အသီးသီး စိုက်ပျိုးပေးခဲ့ကြပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများက တပျော်တပါးဖြင့် ပျိုးပင်များစိုက်ပျိုးနေမှုကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြောင်း သိရှိရ ပါသည်။

**(မြဝတီသတင်းစာ ၂၇-၆-၂၀၂၂)**





ဒုတိယဝန်ကြီးချုပ်နှင့်ဇနီးတို့က ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားတွင် ကံ့ကော်ပင်များကို ဦးဆောင်စိုက်ပျိုးနေမှု



ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပနေမှု

- ၂၀၂၂ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်းအနားများကို ပြည်သူလူထုပူးပေါင်း ပါဝင်မှုဖြင့် သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရန်၊ မြို့ပြနှင့် ကျေးလက်များ စိမ်းလန်းစိုပြေ သန့်ရှင်းသာယာလှပစေရန်၊ ပြည်သူများ အပန်းဖြေနားနေစရာ စိမ်းလန်းမြေများဖွံ့ဖြိုးလာစေရန်နှင့် သစ်တောဂေဟစနစ်များနှင့် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းနိုင်ရန် ရည်ရွယ်၍ နိုင်ငံနှင့်အဝှမ်း ကျင်းပနေကြခြင်းဖြစ်။
- ယခုကဲ့သို့ ကျောင်းသား၊ ကျောင်းသူ လူငယ်မျိုးဆက်သစ်များကို ပူးပေါင်းပါဝင်စေခြင်းသည် အနာဂတ်မျိုးဆက်သစ်များအတွက် သစ်ပင်သစ်တောများနှင့် ပိုမိုစိမ်းလန်းစိုပြေပြီး ကျန်းမာပျော်ရွှင်ဖွယ်ကောင်းသော၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်နေသော၊ သန့်ရှင်းကောင်းမွန်သည့် ပတ်ဝန်းကျင်နှင့် ဂေဟစနစ်များကို ထိန်းသိမ်းနိုင်ရေးသည် အရေးကြီးသည်ဆိုသည့် အသိစိတ်ကို ရရှိစေ။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီးတို့က ကံ့ကော်ပင်များကို သတ်မှတ်နေရာများတွင် ဦးဆောင်စိုက်ပျိုးပေးခဲ့ကြ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေး



**နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိ မြို့နယ် မာရဝိဇယဗုဒ္ဓဥယျာဉ်တော်တွင် တည်ဆောက်လျက် ရှိသည့် ကမ္ဘာ့အကြီးဆုံး ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ် ကြီးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား နိုင်ငံ တော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇွန်လ ၂၆ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အဆိုပါ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဆောင်ရွက်ပြီးစီးနေမှုအခြေအနေ များနှင့်ပတ်သက်၍ တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှု များအပေါ် ပြန်လည်ပြောကြားခဲ့ရာတွင်-

- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့်နေရာသည် ဘုရား၊ သိမ်၊ ကျောင်း၊ ကန်၊ တံတားနှင့် မြောင်းများ ပြည့်စုံစွာပါဝင်သည့် နေရာတစ်ခုဖြစ်ကြောင်း။
- နဂါးရုံဘုရားကို တည်ထားကိုးကွယ်ရာတွင် ဆရာတော် ဘုရားကြီးများ၏ လမ်းညွှန်မိန့်ကြားချက်များနှင့်အညီ တည် ထားကိုးကွယ်ရန်လိုသကဲ့သို့ ပိဋကတ်တော်လာ စာပေ ကျမ်းဂန်များနှင့်လည်း ကိုက်ညီရန်လိုကြောင်း။
- ပိဋကတ်သုံးပုံကျမ်းစာများကို ထုတ်ဝေရေးဆောင်ရွက်ရာ တွင် နိုင်ငံတကာအဆင့်အတန်းမီသည့် ပုံနှိပ်ထုတ်ဝေမှု မျိုးဖြင့် ခန့်ညားထည်ဝါမှုရှိအောင် စနစ်တကျဖြင့် ဆောင် ရွက်ရန်လိုကြောင်း။
- ပိဋကတ်သုံးပုံ ကျောက်စာချပ်များထားရှိမည့် ကျောက် စာရုံစေတီများ ရာသီဥတုဒဏ်ခံနိုင်ရေးနှင့် ကျောက်စာချပ် များ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် တည်ဆောက် ရေးလုပ်ငန်းများ ဆောင်ရွက်ချိန်ကတည်းက တာဝန်ရှိသူ များက စနစ်တကျကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း မှာကြားခဲ့ပါသည်။


ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ် ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ပလ္လင်တော်အကြမ်း ထည် တည်ဆောက်ပြီးစီးမှု၊ ကျောက်စာချပ်များကို ခေတ်မီစက် ကိရိယာဖြင့်ထွင်းထုနေမှု၊ ရတနာပုံခေတ်ဟန် မင်္ဂလာတံတား တည်ဆောက်ပြီးစီးမှု၊ ချောင်းဖြောင့်မြေထိန်းနံရံ တည်ဆောက် ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု၊ သုဓမ္မာဇရပ်များ တည် ဆောက်ပြီးစီးမှု၊ မုစလိန္ဒာအိုင်နှင့် ကျောက်စာရုံများတည် ဆောက် နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း နှင့် တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်ချိန်မှ ယနေ့အထိ တည်ဆောက်ပြီးစီးမှုမှာ ၄၀ ရာခိုင်နှုန်းခန့်ရှိပြီဖြစ် ကြောင်းသိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၆-၂၀၂၂)**

- **မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့်နေရာသည် ဘုရား၊ သိမ်၊ ကျောင်း၊ ကန်၊ တံတားနှင့် မြောင်း များ ပြည့်စုံစွာပါဝင်သည့် နေရာတစ်ခုဖြစ်။**



နိုင်ငံတော်ဝန်ကြီးချုပ်အား တာဝန်ရှိသူတစ်ဦးက မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်က ကျောက်စာချပ်များကို ခေတ်မီစက်ကိရိယာဖြင့် ထွင်းထုနေမှုနှင့် ကျောက်စာရုံများ တည်ဆောက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု



နိုင်ငံတော်ဝန်ကြီးချုပ်က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးနေမှု

- ပိဋကတ်သုံးပုံကျမ်းစာများကို ထုတ်ဝေရေးဆောင်ရွက်ရာတွင် နိုင်ငံတကာအဆင့်အတန်းမီသည့် ပုံနှိပ်ထုတ်ဝေမှုမျိုးဖြင့် ခန့်ညားထည်ဝါမှုရှိအောင် စနစ်တကျဖြင့် ဆောင်ရွက်ရန်လို။
- မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား တည်ထားကိုးကွယ်ရန် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ခဲ့ရာ ယနေ့အထိ ၄၀ ရာခိုင်နှုန်းခန့် ပြီးစီးခဲ့ပြီးဖြစ်။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေမှတ်တမ်းဓာတ်ပုံများ



ကျောက်စာရုံများ တည်ဆောက်ပြီးစီးမှုအခြေအနေ




သုဓမ္မာဇရပ်များ တည်ဆောက်ပြီးစီးမှုအခြေအနေ



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရန် ဆောင်ရွက်ပြီးစီးမှုအခြေအနေ

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများသို့တက်ရောက်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန်လ ၂၂ ရက်တွင် အာဆီယံအလှည့်ကျဥက္ကဋ္ဌ ကမ္ဘောဒီးယားနိုင်ငံက ဦးစီးကျင်းပသည့် (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေး (16th ADMM) သို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများ၊ ကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့နှင့်အတူ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုတင်သွင်းသည့် နယ်စပ်ဖြတ်ကျော် ကမ္ဘာ့ကပ်ရောဂါထိန်းချုပ်ရေးတွင် အာဆီယံကာကွယ်ရေးတပ်ဖွဲ့များ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ အာဆီယံငြိမ်းချမ်းရေး ထိန်းသိမ်းမှုဆိုင်ရာ အမျိုးသမီးတပ်ဖွဲ့ဝင်များအတွက် ကူညီထောက်ပံ့ရေးလုပ်ငန်းစဉ်မြှင့်တင်ရေးနှင့် အာဆီယံကာကွယ်ရေးဆိုင်ရာ ပညာရေးကျောင်းများ၏ ပူးပေါင်းဆောင်ရွက်မှုထူထောင်ရေး သဘောထားအမြင်စာတမ်းများအား လည်းကောင်း၊ အရှေ့တောင်အာရှပင်လယ်ရေကြောင်း တရားဥပဒေစိုးမိုးရေးနှင့် အာဆီယံအပေါင်းကာကွယ်ရေးဝန်ကြီးများ၏ ပင်လယ်ရေကြောင်း လုံခြုံရေးနယ်ပယ်တို့အကြား သတင်းအချက်အလက်မျှဝေမှု မြှင့်တင်ရေးဆိုင်ရာ ဆွေးနွေးမှုစာတမ်းနှင့် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးကိုတိုးမြှင့်ရန် စစ်သမိုင်းကို ပံ့ပိုးဆောင်ရွက်မှုပြုခြင်း ဆွေးနွေးမှုစာတမ်း၊ စင်ကာပူနိုင်ငံမှ အဆိုပြုတင်သွင်းသည့် ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်ဗဟိုဌာနဆိုင်ရာ ရည်ညွှန်းကိုးကားစာစောင်များကို သဘောတူအတည်ပြုခြင်း၊ ဟန်ချက်ညီလုံခြုံရေးအတွက် ပေါင်းစည်းညီညွတ်မှုခိုင်မာစေမည့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့ခြင်းများအား ဆောင်ရွက်ခဲ့ပြီး အစည်းအဝေးကို အောင်မြင်စွာရုပ်သိမ်းခဲ့ကြပါသည်။

အစည်းအဝေးအပြီးတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများသည် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်အား ဖနောင်ပင်မြို့ရှိ ငြိမ်းချမ်းရေးနန်းတော်တွင် သွားရောက်တွေ့ဆုံဂါရဝပြုခဲ့ကြပါသည်။

ဆက်စပ်အစည်းအဝေးများအနေဖြင့် အာဆီယံ-ဂျပန် ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘောအစည်းအဝေး၊ အာဆီယံ-တရုတ်ကာကွယ်ရေးဝန်ကြီးများ အလွတ်သဘော ရုပ်သံအစည်းအဝေးများကို ဆက်လက်ကျင်းပပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ကာကွယ်ရေးဝန်ကြီး ဗိုလ်ချုပ်ကြီးဝေဖုန်းဟေ (We Fenghe)၊ ဂျပန်နိုင်ငံကာကွယ်ရေးဝန်ကြီးကီရှိနိုဘူ (KISHI Nobuo)၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီး





များနှင့် အာဆီယံအတွင်းရေးမှူးချုပ်တို့ တက်ရောက်ခဲ့ကြပါသည်။

အစည်းအဝေးများတက်ရောက်ပြီးနောက် ပြည်ထောင်စုဝန်ကြီးသည် ဇွန်လ ၂၃ ရက်တွင် ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံးသို့သွားရောက်၍ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များ၊ ကမ္ဘောဒီးယားနိုင်ငံတွင် ခမာဘာသာစကားသင်တန်း တက်ရောက်နေသည့် မြန်မာသင်တန်းသားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်ခဲ့ပြီး ညပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြပါသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် (၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများ အစည်းအဝေးသို့ တက်ရောက်၍ မြန်မာနိုင်ငံနှင့် တပ်မတော်၏ သဘောထားရပ်တည်မှုနှင့် အကောင်အထည်ဖော်နေမှုများ၊ အာဆီယံဒေသတွင်း ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဖော်ဆောင်မှုကိစ္စရပ်များ၊ ရှေ့ဆက်လုပ်ဆောင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ဆောင်ရွက်နေမှုနှင့် ရပ်တည်မှုကို ဖော်ပြဆွေးနွေးနိုင်ခဲ့သည့်အပြင် ဒေသတွင်း ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ အမြင်များကို ပူးပေါင်းဖလှယ်ခွင့်နှင့် ဆွေးနွေးခွင့်များ ရရှိစေခဲ့ပြီး အခြားအာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၅-၆-၂၀၂၂)**

- **(၁၆) ကြိမ်မြောက် အာဆီယံကာကွယ်ရေးဝန်ကြီးများအစည်းအဝေးတွင် ကမ္ဘောဒီးယားနိုင်ငံမှ အဆိုပြုတင်သွင်းသည့် သဘောထားအမြင်စာတမ်း ၃ စောင်၊ ဆွေးနွေးမှုစာတမ်း ၂ စောင်နှင့် စင်ကာပူနိုင်ငံမှ အဆိုပြုတင်သွင်းသည့် ဆိုက်ဘာလုံခြုံရေးနှင့် သတင်းအချက်အလက်ဗဟိုဌာနဆိုင်ရာ ရည်ညွှန်းကိုးကားစာစောင်များကို သဘောတူအတည်ပြုခြင်းများဆောင်ရွက်ခဲ့ပြီး ဟန်ချက်ညီလုံခြုံရေးအတွက် ပေါင်းစည်းညီညွတ်မှုခိုင်မာစေမည့် ကာကွယ်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ အာဆီယံကာကွယ်ရေးဝန်ကြီးများ၏ ပူးတွဲထုတ်ပြန်ကြေညာချက်ကို အတည်ပြုထုတ်ပြန်ခဲ့။**
- **ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် (၁၆)ကြိမ်မြောက် အာဆီယံကာကွယ်ရေး ဝန်ကြီးများအစည်းအဝေးတွင် မြန်မာနိုင်ငံနှင့်တပ်မတော်၏ သဘောထားရပ်တည်မှုနှင့် အကောင်အထည်ဖော်နေမှုများ၊ အာဆီယံဒေသတွင်း ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းဖော်ဆောင်မှုကိစ္စရပ်များ၊ ရှေ့ဆက်လုပ်ဆောင်မည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ၏ဆောင်ရွက်နေမှုနှင့် ရပ်တည်မှုကို ဖော်ပြဆွေးနွေးနိုင်ခဲ့သည့်အပြင် ဒေသတွင်းကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာအမြင်များကို ပူးပေါင်းဖလှယ်ခွင့်နှင့် ဆွေးနွေးခွင့်များရရှိစေခဲ့ပြီး အခြားအာဆီယံနိုင်ငံများနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးမြှင့်ဖော်ဆောင်နိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့။**



ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများက ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဟွန်ဆန်နှင့်အတူ အမှတ်တရ စုပေါင်းဓာတ်ပုံရိုက်ကူးနေမှု



ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာသံရုံး၊ စစ်သံရုံးတို့မှ မိသားစုဝင်များနှင့် သင်တန်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်နေမှု



ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအား တာဝန်ရှိသူများက ရန်ကုန်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်နေမှု

# ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းက အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့သို့ သဝဏ်လွှာပေးပို့

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါး များအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းက ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့ခဲ့သည့်သဝဏ်လွှာပါ ကောက်နုတ်ချက်မှာ-

- ၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် တစ်နိုင်ငံလုံး ဖမ်းဆီးရမိထားသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲအစီအစဉ်များကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် တစ်ပြိုင်တည်းကျင်းပပြုလုပ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များအား ဖိတ်ကြားတက်ရောက်စေမည်ဖြစ်။
- မြန်မာနိုင်ငံအနေဖြင့် ခေတ်အဆက်ဆက်အစိုးရများက မူးယစ်ဆေးဝါးပပျောက်ရေးကို ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယနေ့အချိန်အထိ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု ကျဆင်း လာခဲ့သော်လည်း ဓာတုပစ္စည်းများဖြင့်သာ ထုတ်လုပ်ထားသည့် စိတ်ကြွရူးသွပ်ဆေး၊ အိုက်စ် (မက်အဖက်တမင်း)၊ ကတ်တမင်း စသည့် လူလုပ်မူးယစ်ဆေးဝါးများ (Synthetic Drugs) ပြဿနာများမှာ ပိုမိုကြီးထွားလာမှုကြောင့် စိန်ခေါ်မှုတစ်ရပ်အနေဖြင့် ရင်ဆိုင်ကြုံတွေ့နေရဆဲဖြစ်။
- မြန်မာနိုင်ငံအနေဖြင့် မူးယစ်ဆေးဝါးပြဿနာဖြေရှင်းနိုင်ရေးအတွက် ဘက်ပေါင်းစုံ ချဉ်းကပ်မှုများပါဝင်သည့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကို ရေးဆွဲထုတ်ပြန်ခဲ့ပြီး မူဝါဒအား အထောက်အကူပြုမည့် အမျိုးသားအဆင့် မဟာဗျူဟာစီမံချက်ကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်ကာ မဟာဗျူဟာစီမံချက်ကို လမ်းညွှန်မှုဘောင်တစ်ခုအနေဖြင့် သတ်မှတ်ပြီး သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များအလိုက် လုပ်ငန်းစီမံချက် (ActionPlan) များ ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်နေကြပြီဖြစ်။
- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က **“မူးယစ်ဆေးဝါးထုတ်လုပ်သယ်ဆောင်ရောင်းဝယ်သူများသည် နိုင်ငံရေးအခြေအနေကို အခွင့်ကောင်းယူ၍ နည်းလမ်းပေါင်းစုံဖြင့် မူးယစ်ဆေးဝါးများကို ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိကြောင်း၊ ထိထိရောက်ရောက် ရှာဖွေဖော်ထုတ်ဖမ်းဆီးကြရန်လိုအပ်ကြောင်း”**ကို ၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၂၇ ရက်တွင် ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၁) ၌ လမ်းညွှန်မှာကြားခဲ့။
- မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး တားဆီးနှိမ်နင်းရေးအထူးစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိရာ ၂၀၂၀ ပြည့်နှစ်အတွင်း မဲခေါင်(MoU) ၆ နိုင်ငံပါဝင်သော Operation ၁၅၁၁ ကိုလည်းကောင်း၊ ၂၀၂၁ ခုနှစ်အတွင်း မြန်မာ-လာအို- ထိုင်း ၃ နိုင်ငံပူးပေါင်း၍ ဘေးကင်းလုံခြုံသော မဲခေါင်စစ်ဆင်ရေးကို လည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလမှ မတ်လအထိ Operation ၁၅၁၁/ ၂၂ ကိုလည်းကောင်း ဆောင်ရွက်ခဲ့မှုကြောင့် ရွှေတြိဂံဒေသသို့ ဓာတုပစ္စည်းများ တရားမဝင် ဝင်ရောက်မှုထိန်းချုပ်ရေးနှင့် မူးယစ်ဆေးဝါးများ ပြင်ပဒေသသို့ ပျံ့နှံ့မှုမရှိစေရေး ရည်မှန်းချက်ကို အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့။
- မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ဓာတုပစ္စည်းများတင်သွင်းမှုကို နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စောင့်ကြပ်ကြည့်ရှု စစ်ဆေးဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေးအဖွဲ့များနှင့်လည်း လမ်းလွဲမရောက်ရှိစေရေး အနီးကပ်စစ်ဆေး ကြပ်မတ်ဆောင်ရွက်လျက်ရှိ။
- နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသကဲ့သို့ ဘိန်းစိုက်တောင်သူများ၏ လူနေမှုဘဝမြင့်မားစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်းပြီး အကူအညီများရယူလျက် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။
- မူးယစ်ဆေးစွဲသူများ ဆေးကုသမှုခံယူနိုင်စေရေးနှင့် နောက်ဆက်တွဲအန္တရာယ်များ လျှော့ချနိုင်ရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ မူးယစ်ဆေးစွဲရောဂါကုသရေးဌာနကြီး

၂၉ ခု၊ ဌာနငယ် ၅၉ ခုနှင့် ဘိန်းအမျိုးအစား မူးယစ်ဆေး စွဲရောဂါလူနာများအတွက် မက်သာဒုံး ဆေးခန်း ၈၉ ခု ဖွင့် လှစ်ဆောင်ရွက်ပေးလျက်ရှိရာ ၂၀၂၁ ခုနှစ်အတွင်း မူးယစ် ဆေးစွဲသူ ၂၆,၃၁၈ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၂၅,၈၁၆ ဦး ကို မက်သာဒုံးဆေး တိုက်ကျွေးနိုင်ခဲ့။

- မြန်မာနိုင်ငံသည် မူးယစ်ဆေးဝါးပြဿနာဖြေရှင်းနိုင်ရေး အတွက် ကုလသမဂ္ဂ ကွန်ဗင်းရှင်း ၃ ခု၌ ပါဝင်လက်မှတ် ရေးထိုးထားပြီး ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၊ အာဆီယံ နိုင်ငံများ၊ အိမ်နီးချင်းနိုင်ငံများ၊ မဟာမဲခေါင်ဒေသခွဲနိုင်ငံ များ၊ ဘင်းမ်စတက်အဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင် ရွက်လျက်ရှိသည့်အပြင် ကုလသမဂ္ဂနှင့် နိုင်ငံတကာအစိုးရ မဟုတ်သောအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံအခြေစိုက် ကုလ သမဂ္ဂ မူးယစ်ဆေးဝါးနှင့်ပြစ်မှုဆိုင်ရာရုံး(UNODC)၊ ဩ စတြေးလျ ပြည်ထောင်စုရဲတပ်ဖွဲ့ (AFP)၊ အမေရိကန်မူး ယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးစီမံခန့်ခွဲမှုအဖွဲ့ (DEA)၊ တရုတ် နိုင်ငံအမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးကော်မရှင်(NN CC)၊ ထိုင်းနိုင်ငံမူးယစ်ဆေးဝါးထိန်းချုပ်ရေးအဖွဲ့(ONCB) စသည့် အဖွဲ့အစည်းများနှင့်လည်း မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက် လျက်ရှိ။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန် တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မူးယစ်တား ဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့်လည်း မူးယစ်ဆေးဝါးထိန်း ချုပ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနိုင် သမျှ နည်းလမ်းအားလုံးအသုံးပြု၍ ဆောင်ရွက်ပေးသွားမည် ဖြစ်ပြီး ယခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံး မှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အတွက် ကုလ သမဂ္ဂမှပေးပို့လာသော ဆောင်ပုဒ်ဖြစ်သည့် **“Addressing drug challenges in health and humanitarian crises”** **“လူသားချင်းစာနာကျန်းမာဖို့၊ စိန်ခေါ်မူးယစ်တိုက်ဖျက်စို့။”** ဆိုသည့်အတိုင်း ကျန်းမာရေးနှင့် လူသားချင်းစာနာထောက် ထားမှုတို့အတွက် မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် စိန်ခေါ် မှုများကို ဌာနဆိုင်ရာအားလုံးနှင့် ပြည်သူလူထုတစ်ရပ်လုံးမှ လည်း ပူးပေါင်းပါဝင်တိုက်ဖျက်ပေးကြရန် တိုက်တွန်းနိုးဆော် လျက် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

**(မြဝတီသတင်းစာ ၂၆-၆-၂၀၂၂)**

- **၂၀၂၂ ခုနှစ်၊ ဇွန်လ ၂၆ ရက်တွင် တစ်နိုင်ငံလုံး ဖမ်းဆီးရမိထားသည့် မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲအစီအစဉ်များကို ရန်ကုန်၊ မန္တလေးနှင့် တောင်ကြီးမြို့တို့တွင် တစ်ပြိုင်တည်းကျင်းပပြုလုပ်ပြီး ကုလသမဂ္ဂအဖွဲ့အစည်းများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများနှင့် နိုင်ငံတကာသံရုံးများမှ ကိုယ်စားလှယ်များ အား ဖိတ်ကြားတက်ရောက်စေမည်ဖြစ်။**
- **မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အကောက်ခွန်ဦးစီးဌာနတို့ ပူးပေါင်း၍ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် အိမ်နီးချင်းနိုင်ငံများနှင့် ပူးပေါင်းပြီး တားဆီးနှိမ်နင်းရေး အထူးစစ်ဆင်ရေးများကို ဆောင်ရွက်လျက်ရှိ။**
- **မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ဓာတုပစ္စည်းများတင်သွင်းမှုကို နိုင်ငံတကာအဖွဲ့အစည်းများ နှင့်ပူးပေါင်း၍ စောင့်ကြပ်ကြည့်ရှု စစ်ဆေးဆောင်ရွက်လျက်ရှိသကဲ့သို့ သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ် ထိန်းချုပ်ဓာတုပစ္စည်းစစ်ဆေးရေး အဖွဲ့များနှင့်လည်း လမ်းလွဲမရောက်ရှိစေရေး အနီးကပ်စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိ။**
- **နိုင်ငံတော်အစိုးရသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းများကို ဆောင်ရွက် လျက်ရှိသကဲ့သို့ ဘိန်းစိုက်တောင်သူများ၏ လူနေမှုဘဝမြင့်မားစေရေးအတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး အကူအညီများရယူလျက် အစားထိုးဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ။**
- **နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို အမျိုးသားရေး တာဝန်တစ်ရပ်အဖြစ် ချမှတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ မူးယစ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် လည်း မူးယစ်ဆေးဝါးထိန်းချုပ်ရေးလုပ်ငန်းများကို ဘက်ပေါင်းစုံမှ ဆောင်ရွက်ပေးနိုင်သမျှ နည်းလမ်းအားလုံး အသုံးပြု၍ ဆောင်ရွက်ပေးသွားမည်ဖြစ်။**

# အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီး






အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့တွင် မြန်မာနိုင်ငံ၌ တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများ မီးရှို့ဖျက်ဆီးပွဲအခမ်းအနားကို ဇွန်လ ၂၆ ရက်တွင် မန္တလေး၊ ရန်ကုန်နှင့် တောင်ကြီးမြို့တို့တွင် ပြုလုပ်ခဲ့ပါသည်။

- မန္တလေးမြို့၌ ပြုလုပ်သည့် မီးရှို့ဖျက်ဆီးပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် မြန်မာနိုင်ငံအထက်ပိုင်းဒေသ၊ အလယ်ပိုင်းဒေသများမှ ဖမ်းဆီးရမိသည့် ဘိန်း ၆၁၁ ဒသမ ၅၇ ကီလိုကျော်၊ ဘိန်းဖြူ ၈၁၀ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၄၇ သန်းကျော်၊ အိုက်စ် ၇,၃၅၆ ကီလိုကျော်၊ ကက်တမင်း ၃၁၆ ကီလိုကျော်၊ ဆေးခြောက် ၁၁၆ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၆ မျိုးနှင့် ဓာတုပစ္စည်း ၉ မျိုးတို့၏ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၁၆ ဒသမ ၇၇ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၇၁ ဒသမ ၂၃ သန်းကျော်) ကိုလည်းကောင်း။
- ရန်ကုန်မြို့၌ ပြုလုပ်သည့် မီးရှို့ဖျက်ဆီးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မြန်မာနိုင်ငံအောက်ပိုင်းဒေသများမှ ဖမ်းဆီးရမိသော ဘိန်း ၁ ဒသမ ၅၀ ကီလို၊ ဘိန်းဖြူ ၁၆၂ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၆၅ သန်းကျော်၊ အိုက်စ် ၇,၅၉၉ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁,၂၀၅ ကီလို ကျော်၊ ကက်တမင်း ၁,၃၄၅ ကီလိုကျော်၊ ဆေးခြောက် ၄၆၃ ကီလိုကျော်အပါအဝင် မူးယစ်ဆေးဝါး ၂၆ မျိုးနှင့် ဓာတုပစ္စည်း ၇ မျိုးတို့၏ စုစုပေါင်းတန်ဖိုးငွေကျပ် ၃၅၆ ဒသမ ၆၈ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၁၉၂ ဒသမ ၈၀ သန်းကျော်) ကိုလည်းကောင်း။
- တောင်ကြီးမြို့၌ ပြုလုပ်သည့် မီးရှို့ဖျက်ဆီးပွဲတွင် ရှမ်းပြည်နယ်၊ ကယားပြည်နယ်တို့မှ ဖမ်းဆီးရမိသည့် ဘိန်း ၂,၀၄၁ ဒသမ ၈၀ ကီလိုကျော်၊ ဘိန်းဖြူ ၉၆၇ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၉၉ သန်းကျော်၊ အိုက်စ် ၈,၆၉၇ ကီလိုကျော်၊ ကက်တမင်း ၃၆၂ ကီလိုကျော်၊ ဆေးခြောက် ၁၃၀ ကီလိုကျော်၊ ကဖင်း ၁၂ တန် ကျော်အပါအဝင် မူးယစ်ဆေးဝါး ၁၈ မျိုးနှင့် ဓာတုပစ္စည်း ၄၀ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၅၁၅ ဒသမ ၃၆ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၂၇၈ ဒသမ ၅၇ သန်းကျော်)ကိုလည်းကောင်း မီးရှို့ဖျက်ဆီးခဲ့။
- ၂၀၂၂ ခုနှစ်အတွင်း ဖမ်းဆီးရမိစုစုပေါင်း ဘိန်း ၂,၆၅၄ ဒသမ ၈၉ ကီလိုကျော်၊ ဘိန်းဖြူ ၁,၉၄၀ ကီလိုကျော်၊ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၂ သန်းကျော်၊ အိုက်စ် ၂၃,၆၅၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁,၂၀၅ ကီလိုကျော်၊ ဆေးခြောက် ၇၀၉ ကီလိုကျော်၊ ကက်တမင်း ၂,၀၂၄ ကီလိုကျော်နှင့် ကဖင်း ၁၂ တန်ကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၉ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁,၁၈၈ ဒသမ ၈၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀ သန်းကျော်) တို့ကို ဖျက်ဆီးနိုင်ခဲ့။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့တို့က အရှိန်အဟုန်မြှင့်တင် ကြိုးပမ်းဆောင်ရွက်မှုကြောင့် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်းအများအပြား ဖမ်းဆီးရမိ ဖျက်ဆီးနိုင်ခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၆-၂၀၂၂)**

## ရန်ကုန်တိုင်းဒေသကြီး၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ















- တစ်နှစ်တာကာလအတွင်း ဖမ်းဆီးရမိ မူးယစ်ဆေးဝါးများနှင့် ဓာတုပစ္စည်းများကို မန္တလေး၊ ရန်ကုန်နှင့် တောင်ကြီး မြို့တို့တွင် မီးရှို့ဖျက်ဆီးပွဲပြုလုပ်ခဲ့။
- ၂၀၂၂ ခုနှစ်အတွင်း ဖမ်းဆီးရမိစုစုပေါင်း ဘိန်း ၂,၆၅၄ ဒသမ ၈၉ ကီလိုကျော်၊ ဘိန်းဖြူ ၁,၉၄၀ ကီလိုကျော်၊ စိတ်ကြွ ရူးသွပ်ဆေးပြား ၂၁၂ သန်းကျော်၊ အိုက်စ် ၂၃,၆၅၃ ကီလိုကျော်၊ ဘိန်းစာမှုန့် ၁,၂၀၅ ကီလိုကျော်၊ ဆေးခြောက် ၇၀၉ ကီလိုကျော်၊ ကက်တမင်း ၂,၀၂၄ ကီလိုကျော်နှင့် ကဖင်း ၁၂ တန်ကျော်အပါအဝင် မူးယစ်ဆေးဝါးနှင့် ဓာတုပစ္စည်း ၇၉ မျိုး စုစုပေါင်းတန်ဖိုးငွေကျပ် ၁,၁၈၈ ဒသမ ၈၂ ဘီလီယံကျော် (အမေရိကန်ဒေါ်လာ ၆၄၂ ဒသမ ၆၀ သန်း ကျော်)တို့ကို မီးရှို့ဖျက်ဆီးနိုင်ခဲ့။

**မန္တလေးတိုင်းဒေသကြီး၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**
















## ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့နယ်၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့၌ မူးယစ်ဆေးဝါးများမီးရှို့ဖျက်ဆီးခဲ့သည့် မှတ်တမ်းဓာတ်ပုံများ














# နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာအထူးအဖွဲ့၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့ (Special Unit on Inter- national Criminal Justice) ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဇွန်လ ၂၃ ရက်တွင် ဥပဒေရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ပြီး အစည်းအဝေး၌ ပြည်ထောင်စုဝန်ကြီးနှင့်ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက အမှာစကားပြောကြားခဲ့ရာတွင်-

- နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက မတ်လ ၁၇ ရက်တွင် "နိုင်ငံတကာ ရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့" ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် အဆိုပါအဖွဲ့တွင် ဥပဒေရေးရာဝန်ကြီးဌာနမှ ခေါင်းဆောင်အဖြစ်ပါဝင်လျက် စစ်ဥပဒေချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဝင်စုစုပေါင်း ၁၅ ဦးပါဝင်ကြောင်း။
- ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ ToR (Term of Re- ference) လုပ်ငန်းတာဝန်များကိုလည်း ရေးဆွဲခဲ့ပြီးဖြစ်ကြောင်း၊ လုပ်ငန်းတာဝန်များအရ အဆိုပါအထူးအဖွဲ့အနေဖြင့် နိုင်ငံတကာ ရာဇဝတ်မှုဥပဒေ၊ တရားစီရင်ရေးတို့နှင့်ပတ်သက်ပြီး အစိုးရ၊ တပ်မတော်၊ ဥပဒေရေးရာဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်ပရှိ မြန်မာနိုင်ငံသံရုံးများအပါအဝင် အစိုးရဌာနဆိုင်ရာအဖွဲ့အစည်းများအပေါ် ဥပဒေရေးရာသုံးသပ်မှုများ၊ အကြံပြုချက်များပေးရန်။
- နိုင်ငံတကာဥပဒေအရ ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များ၊ ၎င်းတို့နှင့်ဆက်စပ်သည့် မြန်မာနိုင်ငံ၏ စစ်ဘက်ဥပဒေအပါအဝင် အမျိုးသားဥပဒေများကို လေ့လာသုံးသပ်ပြီး လိုအပ်ပါက ရပ်တည်ချက်စာတမ်းများ၊ နိုင်ငံတကာဥပဒေဆိုင်ရာ အကြံပြုချက်များ၊ သုတေသနပြုချက်များကို ပြုစုဆောင်ရွက်လျက် အထက်အဆင့် အဖွဲ့အစည်းများသို့ တင်ပြရန်လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသူများက ဆောင်ရွက်မည့် အကြောင်းအရာများနှင့် လေ့လာဆောင်ရွက်သင့်သည့်ကိစ္စရပ်များကို ဝိုင်းဝန်းဆွေးနွေးခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၄-၆-၂၀၂၂)**

- **နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက မတ်လ ၁၇ ရက်တွင် "နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့" ကို ပြင်ဆင်ဖွဲ့စည်းခဲ့ပြီးနောက် အဆိုပါအဖွဲ့တွင် ဥပဒေရေးရာဝန်ကြီးဌာနမှ ခေါင်းဆောင်အဖြစ်ပါဝင်လျက် စစ်ဥပဒေချုပ်ရုံး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ကိုယ်စားလှယ်များပါဝင်သော အဖွဲ့ဝင် စုစုပေါင်း ၁၅ ဦးပါဝင်။**

- နိုင်ငံတကာဥပဒေအရ ဆောင်ရွက်ရန်လိုအပ်သည့် ကိစ္စရပ်များ၊ ၎င်းတို့နှင့်ဆက်စပ်သည့် မြန်မာနိုင်ငံ၏ စစ်ဘက်ဥပဒေအပါအဝင် အမျိုးသားဥပဒေများကို လေ့လာသုံးသပ်ပြီး လိုအပ်ပါက ရပ်တည်ချက်စာတမ်းများ၊ နိုင်ငံတကာဥပဒေဆိုင်ရာ အကြံပြုချက်များ၊ သုတေသနပြုချက်များကို ပြုစုဆောင်ရွက်လျက် အထက်အဆင့် အဖွဲ့အစည်းများသို့ တင်ပြရန် လိုအပ်မည်ဖြစ်။

## ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး (DKBA) မှ ကိုယ်စားလှယ်အဖွဲ့နှင့် စိုက်ပျိုးမွေးမြူရေးအခြေခံသော ဒေသစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာများ ဆွေးနွေး




စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့နှင့် စိုက်ပျိုးမွေးမြူရေးအခြေခံသော ဒေသစီးပွားရေးဖွံ့ဖြိုးမှုဆိုင်ရာ တွေ့ဆုံဆွေးနွေးပွဲကို ဇွန်လ ၂၂ ရက်တွင် အဆိုပါ ပြည်ထောင်စုဝန်ကြီးရုံးဧည့်ခန်းမ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

တွေ့ဆုံဆွေးနွေးပွဲတွင်-

- ဒေသခံပြည်သူများအနေဖြင့် မိမိတို့ရေမြေတွင် ဖြစ်ထွန်းအောင်မြင်သည့်သီးနှံကို စုပေါင်းစိုက်ပျိုး၍ ဈေးကွက်ဝေစုရနိုင်သော ထုတ်လုပ်မှုဖြစ်စေရေး ကြိုးပမ်းစေလိုကြောင်း။
- ဈေးကွက်ဝင် ဈေးကောင်းရ တန်ဖိုးမြင့်သီးနှံများ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သောနည်းပညာနှင့်အကူအညီများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။
- ငါးမွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့် လိုအပ်ချက်များ ကူညီပေးနိုင်ရေး၊ ကုန်ချောထုတ်လုပ်နည်းပညာများ အသုံးပြုနိုင်ရေးအပြင် စိတ်ဝင်စားသည့် ပြည်တွင်းပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးတို့ကို ချိတ်ဆက်ကူညီပေးသွားမည်ဖြစ်ကြောင်း။
- ဒေသ၌စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရာသီသီးနှံနှင့်သစ်သီးဝလံများအပြင် မြေပြန့်ကော်ဖီနှင့် ကိုကိုးသီးနှံကဲ့သို့သော နှစ်ရှည်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လိုပါက မြေယာအသုံးပြုခွင့်၊ မျိုးရရှိရေးနှင့် နည်းပညာအကူအညီများ ပေးအပ်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့။

ထို့နောက် တက်ရောက်လာသည့် တာဝန်ရှိပုဂ္ဂိုလ်များက ဒေသဖွံ့ဖြိုးရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရာတွင် ကူညီပေးနိုင်မည့် အခြေအနေများကို ဆွေး




နွေးခဲ့ကြပြီး ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) ကိုယ်စားလှယ်အဖွဲ့ဝင်များ၏ လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးမှုများအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့်အခြေအနေများကို ရင်းနှီးခင်မင်စွာ ဆွေးနွေးခဲ့ကြကြောင်းနှင့် တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦး၊ အမြဲတမ်းအတွင်းဝန် ဦးကျော်မင်းဦးနှင့် ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော် (DKBA) မှ ကိုယ်စားလှယ်အဖွဲ့တို့ တက်ရောက်ကြကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၆-၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီးသည် (DKBA) မှ ကိုယ်စားလှယ်အဖွဲ့နှင့်တွေ့ဆုံ၍ စိုက်ပျိုးမွေးမြူရေးအခြေခံသော ဒေသစီးပွားရေးဖွံ့ဖြိုးရေးဆိုင်ရာများ ဆွေးနွေးခဲ့။**
- **ငါးမွေးမြူရေးလုပ်ငန်းနှင့် တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများအတွက် နည်းပညာနှင့် လိုအပ်ချက်များ ကူညီပေးနိုင်ရေး၊ ကုန်ချောထုတ်လုပ်နည်းပညာများ အသုံးပြုနိုင်ရေးအပြင် စိတ်ဝင်စားသည့် ပြည်တွင်းပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်ရေးတို့ကို ချိတ်ဆက်ကူညီပေးသွားမည်ဖြစ်။**
- **ဒေသ၌စိုက်ပျိုးထုတ်လုပ်လျက်ရှိသည့် ရာသီသီးနှံနှင့်သစ်သီးဝလံများအပြင် နှစ်ရှည်သီးနှံများ စီးပွားဖြစ်စိုက်ပျိုးလုပ်ကိုင်လိုပါက မြေယာအသုံးပြုခွင့်၊ မျိုးရရှိရေးနှင့် နည်းပညာအကူအညီများ ပေးအပ်သွားမည်ဖြစ်။**

---

# ပြည်ထောင်စုဝန်ကြီးဦးခင်ရီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများ ကြည့်ရှုစစ်ဆေး

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် ဇွန်လ ၂၂ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဧည့်ခန်းမ၌ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းတို့မှ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းတာဝန်ခံများအား တွေ့ဆုံခဲ့ရာ သက်ဆိုင်ရာလုပ်ငန်းတာဝန်ခံများက နိုင်ငံတကာလေကြောင်းလိုင်းများ ဝင်/ထွက်သွားလာမှု၊ ပြည်ပနိုင်ငံအသီးသီးမှ ခရီးသည်များ ဝင်ရောက်ထွက်ခွာမှု၊ ပြည်ပခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ သီလဝါ၊ ရန်ကုန်နှင့် သန်လျင်ဆိပ်ကမ်းများ၌ နိုင်ငံတကာသင်္ဘောများ ဝင်/ထွက်မှုတို့အား ရှင်းလင်းတင်ပြခဲ့ကြပါသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက-

- အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့်ဆိပ်ကမ်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်



နယ်စပ်ဝင်ထွက်ပေါက်များတွင် ... (continued) 

ဌာနဆိုင်ရာ တာဝန်ခံများအနေဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရသူများ ဖြစ်သည်နှင့်အညီ ဆက်ဆံရေးပြေပြစ်ကောင်းမွန်ရန်နှင့် နိုင်ငံတကာဥပဒေများကိုလည်း သိရှိနားလည်ထားရန် လိုကြောင်း။

- ဝန်ကြီးဌာနအနေဖြင့် Online စနစ် eVisa လုပ်ငန်းနှင့် eVisa (ကမ္ဘာလှည့်)တို့ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ခရီးသည်များ ဝင်/ထွက်သွားလာမှုများပြားလာပြီး လေဆိပ်/ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များ၌ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်းပြောကြားခဲ့။

ပြည်ထောင်စုဝန်ကြီးသည် ပြည်ပလေကြောင်းလိုင်းဖြင့် ဝင်ရောက်လာကြသည့် ခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးကောင်တာများ၌ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်နေမှု၊ ကိုဗစ်-၁၉ ကျန်းမာရေးစစ်ဆေးမှုဆိုင်ရာလုပ်ငန်းအဆင့်ဆင့်ဆောင်ရွက်နေမှု၊ ပြည်ပနိုင်ငံများသို့ ထွက်ခွာမည့်ခရီးသည်များအား လူဝင်မှုကြီးကြပ်ရေးကောင်တာများ၌ လူဝင်မှုကြီးကြပ်ရေးလုပ်ငန်းများ စစ်ဆေးဆောင်ရွက်နေမှု၊ Over Stay Counter နှင့် ဌာန၏ Server ခန်းအတွင်း ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအားလိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၆-၂၀၂၂)**

- **အပြည်ပြည်ဆိုင်ရာ လေဆိပ်နှင့်ဆိပ်ကမ်းများတွင် တာဝန်ထမ်းဆောင်နေကြသည့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းတာဝန်ခံများအနေဖြင့် ပြည်တွင်း/ပြည်ပ ခရီးသွားများနှင့် ထိတွေ့ဆက်ဆံဆောင်ရွက်ရသူများ ဖြစ်သည်နှင့်အညီ ဆက်ဆံရေးပြေပြစ် ကောင်းမွန်ရန်နှင့် နိုင်ငံတကာဥပဒေများကို သိရှိနားလည်ထားရန် လိုအပ်။**
- **ဝန်ကြီးဌာနအနေဖြင့် Online စနစ် eVisa လုပ်ငန်းနှင့် eVisa (ကမ္ဘာလှည့်)တို့ ခွင့်ပြုဆောင်ရွက်ပေးလျက်ရှိရာ ခရီးသည်များ ဝင်/ထွက်သွားလာမှုများပြားလာပြီး လေဆိပ်/ ဆိပ်ကမ်းနှင့် နယ်စပ်ဝင်ထွက်ပေါက်များ၌ လူဝင်မှုစစ်ဆေးရေးလုပ်ငန်းများ ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးကြရမည်ဖြစ်။**

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင် အင်ဒိုနီးရှားနိုင်ငံ၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးတီထွင်ဆန်းသစ်မှုဆိုင်ရာ ဝန်ကြီးဌာနမှ ဦးဆောင်ကျင်းပသည့် အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ဇွန်လ ၂၄ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးတီထွင်ဆန်းသစ်မှုဆိုင်ရာဝန်ကြီးဌာနမှ Hybrid စနစ်ဖြင့် ဦးဆောင်ကျင်းပသော နိုင်ငံအဆင့်ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များအဖွဲ့ (National Tourism Professional Board-NTPB) နှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ (Tourism Professioanl Certification




Board-TPCB) ဆိုင်ရာ ဒေသတွင်းအလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ပါသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုမှု အကောင်အထည်ဖော်ရေးဆိုင်ရာ ဒေသတွင်းအတွင်းရေးမှူးရုံးတို့အနေဖြင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်အလုပ်သမားများနှင့် ခရီးသွားလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်နေသူများအတွက် အာဆီယံခရီးသွားလုပ်ငန်း အပြန်အလှန်အသိအမှတ်ပြုရေးအစီအစဉ်ကို တွန်းအားပေး မြှင့်တင်ဆောင်ရွက်သွားနိုင်ရေး၊ ASEAN Master Trainer နှင့် ASEAN Master Assessor များ စွမ်းဆောင်ရည်မြှင့်တင်ရေး၊ အာဆီယံ-ဩစတြေးလျ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်တွင် Freelance Professionals များအတွက် ဆရာဖြစ်သင်တန်း အစီအစဉ်များ ပံ့ပိုးပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့ပါသည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံမှ NTPB နှင့် TPCB အဖွဲ့ဝင်ဖြစ်သော ဆက်စပ်ဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကခရီးသွားလုပ်ငန်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ချုပ်၊ အရှေ့တောင်အာရှဒေသတွင်း သင်ကြားရေးစင်တာများဖွင့်လှစ်ရေးဆိုင်ရာ ပညာရေးဝန်ကြီးများအဖွဲ့၊ အာဆီယံနှင့် အရှေ့အာရှစီးပွားရေးသုတေသနအဖွဲ့မှ Speaker များ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ NTPB နှင့် TPCB အဖွဲ့ဝင်များနှင့် အာဆီယံခရီးသွားလုပ်ငန်းအာဏာပိုင်အဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြပါသည်။

**(မြဝတီသတင်းစာ ၂၅-၆-၂၀၂၂)**

- **ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံ၊ ခရီးသွားလုပ်ငန်းနှင့် စီးပွားရေးတီထွင် ဆန်းသစ်မှုဆိုင်ရာဝန်ကြီးဌာနမှ Hybrid စနစ်ဖြင့် ဦးဆောင်ကျင်းပသော နိုင်ငံအဆင့်ခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များအဖွဲ့နှင့် ခရီးသွားလုပ်ငန်းကျွမ်းကျင်ပညာရှင်များ အသိအမှတ်ပြုလက်မှတ်ထုတ်ပေးရေးအဖွဲ့ဆိုင်ရာ ဒေသတွင်းအလုပ်ရုံ ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့။**
- **ASEAN Master Trainer နှင့် ASEAN Master Assessor များ စွမ်းဆောင်ရည် မြှင့်တင်ရေး၊ အာဆီယံ-ဩစတြေးလျ ဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်အောက်တွင် Freelance Professionals များအတွက် ဆရာဖြစ်သင်တန်းအစီအစဉ်များ ပံ့ပိုးပေးနိုင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြောကြားခဲ့။**

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရ တာဝန်ယူစဉ်ကာလအတွင်း နယ်စပ်ကုန်သွယ်ရေးစခန်းများနှင့် ပုံမှန်ကုန်သွယ်ရေးလမ်းကြောင်းများမှတစ်ဆင့် ပြည်ပပို့ကုန်များ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ-

- ဆန်နှင့်ဆန်ကွဲတင်ပို့မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်၊ ဧပြီလ ၁ ရက်မှ ဇွန်လ ၁၀ ရက်အထိ ဆန်တန်ချိန် သုံးသိန်းတစ်သောင်းကျော်နှင့် ဆန်ကွဲတန်ချိန် တစ်သိန်းကိုးသောင်းကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၃ သန်းကျော် ရရှိထား။
- ဆန်၊ ဆန်ကွဲနှင့် ဖွဲနုတို့ကို Bulk Carrier သင်္ဘောကြီးများဝမ်းအတွင်း စုပုံသယ်ဆောင်သော ဝမ်းပုံစနစ်ဖြင့် နှစ်စဉ်ပြည်ပသို့ တင်ပို့လျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဧပြီလမှ ၂၀၂၂ ခုနှစ်၊ မတ်လအထိ စုစုပေါင်းသင်္ဘောအစင်း ၉၀ ဖြင့် ဆန်တန်ချိန် ၁,၃၅၇,၂၀၂ တန်ကိုလည်းကောင်း၊ ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ သုံးလအတွင်း စုစုပေါင်းသင်္ဘော ၂၇ စင်းဖြင့် ဆန်တန်ချိန် ၅၈၂,၃၃၀ တန်ကိုလည်းကောင်း တင်ပို့နိုင်ခဲ့။
- ရေထွက်ကုန်တင်ပို့မှုအနေဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန်လ ၁၁ ရက်အထိ ရခိုင်ပြည်နယ်ရှိ မောင်တောနှင့် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်း ၂ ခုမှ ကုန်တန်ချိန် ၂၇၁၁ ဒသမ ၈၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇၈ သန်းရရှိထား။
- ကချင်ပြည်နယ်ရှိ လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ယခုနှစ် ဇွန်လ ၁၁ ရက်မှ ၁၇ ရက်အတွင်း တင်ပို့ကုန်၏ ငွေပမာဏစုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄,၁၇၁,၈၄၈ သန်းကျော်ရှိခဲ့။

မြန်မာနိုင်ငံမှ ပြည်ပသို့ တစ်လလျှင် ပျမ်းမျှဆန်တန်ချိန် နှစ်သိန်းခန့်တင်ပို့လျက်ရှိပြီး ယခုဘဏ္ဍာရေးနှစ်တွင် မက်ထရစ်တန်ချိန် နှစ်သန်းတင်ပို့နိုင်ရန် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ရည်မှန်းဆောင်ရွက်လျက်ရှိရာ ပြည်ပပို့ကုန်ကဏ္ဍတွင် အခက်အခဲများကို နိုင်ငံတော်အစိုးရနှင့်အတူ မိတ်ဖက်အဖွဲ့အစည်းများဖြင့် ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ယခုနှစ်အတွင်း ပြည်ပနိုင်ငံများမှ ဆန်နှင့် ဆန်ကွဲဝယ်လိုအားကောင်းနေပြီး ဆန် FOB ဈေးနှုန်းများ မြင့်တက်လာခြင်းကြောင့် ဈေးနှုန်းပိုမိုရရှိနေသည့်အပြင် ယခင်ကာလတူထက် တင်ပို့မှုပမာဏ ပိုမိုတိုးတက်လာကြောင်း၊ ရေချိုထွက်ကုန် ပြည်ပတင်ပို့မှုဈေးကွက် ရရှိထား၍ ရခိုင်ပြည်နယ်၌ ရေချိုငါးမွေးမြူရေးကဏ္ဍကို ဦးတည်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၆-၆-၂၀၂၂)**

- **၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ ဇွန်လ ၁၀ ရက်အထိ ပြည်ပသို့ ဆန်နှင့် ဆန်ကွဲတန်ချိန် ငါးသိန်း ကျော် တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၇၃ သန်း ကျော်ရရှိခဲ့။**



ရခိုင်ပြည်နယ်၌ ရေချိုငါးမွေးမြူရေးလုပ်ငန်းဆောင်ရွက်နေမှု



ပြည်ပသို့ ဆန်၊ ဆန်ကွဲနှင့်ဖွဲနုတို့ကို Bulk Carrier သင်္ဘောကြီးများဝမ်းအတွင်း စုပုံသယ်ဆောင်သော ဝမ်းပုံစနစ်ဖြင့် တင်ပို့နေမှု

- ဆန်၊ ဆန်ကွဲနှင့်ဖွဲနုတို့ကို Bulk Carrier သင်္ဘောကြီးများဝမ်းအတွင်း စုပုံသယ်ဆောင်သော ဝမ်းပုံစနစ်ဖြင့် နှစ်စဉ် ပြည်ပသို့ တင်ပို့လျက်ရှိရာ ၂၀၂၂ ခုနှစ်၊ ဧပြီလမှ ဇွန်လအထိ သုံးလအတွင်း စုစုပေါင်းသင်္ဘော ၂၇ စင်းဖြင့် ဆန် တန်ချိန် ၅၈၂,၃၃၀ တန်တင်ပို့နိုင်ခဲ့။
- ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဇွန်လ ၁၁ ရက်အထိ မောင်တောနှင့် စစ်တွေ နယ်စပ်ကုန်သွယ်ရေးစခန်း ၂ ခုမှ ရေထွက် ကုန်တန်ချိန် ၂၇၁၁ ဒသမ ၈၀ တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၇၈ သန်းရရှိခဲ့။
- လွယ်ဂျယ်နှင့် ကန်ပိုက်တီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ ယခုနှစ် ဇွန်လ ၁၁ ရက်မှ ၁၇ ရက်အတွင်း တင်ပို့ကုန် ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄,၁၇၁,၈၄၈ သန်းကျော်ရှိခဲ့။

## ပြစ်မှုကျူးလွန်ခြင်းမရှိဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် PDF အဖွဲ့ဝင်များအား ၎င်းတို့၏ မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်



တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများ တက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ PDF အဖွဲ့ဝင်များအား ၎င်းတို့၏မိဘအုပ်ထိန်းသူများထံ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ကျင်းပခဲ့ရာ ဇွန်လ ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့မှ PDF အဖွဲ့ဝင် အမျိုးသမီး ၄ ဦးအား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့ပါသည်။

လက်ရှိအချိန်တွင် နိုင်ငံတော်အစိုးရက PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးတို့အနေဖြင့် နိုင်ငံတော်၏ရှေ့လုပ်ငန်းစဉ်များတွင် ပါဝင်ပူးပေါင်းဆောင်ရွက်နိုင်ရေး သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဥပဒေဘောင်အတွင်းသို့ လက်နက်အပ်နှံပြီး ပြည်သူ့ဘဝသို့ ပြန်လည်ဝင်ရောက်ခြင်းပြုမည်ဆိုပါက ကြိုဆိုလက်ခံသွားမည်ဟု အသိပေးထုတ်ပြန်ထားပြီးဖြစ်ရာ ဇွန်လ ၂၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၄ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၆ ဦး စုစုပေါင်း ၇၀ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၃-၆-၂၀၂၂)**

- **တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့နယ်မြေအတွင်း သင်တန်းများတက်ရောက်ခဲ့သော်လည်း လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်ခိုလှုံသည့် ပြစ်မှုကျူးလွန်ခြင်းမရှိသူ ကလေးမြို့မှ PDF အဖွဲ့ဝင် အမျိုးသမီး ၄ ဦးအား တိုင်းဒေသကြီးအစိုးရအဖွဲ့များမှ တာဝန်ရှိသူများက ထောက်ပံ့ငွေများ အသီးသီးပေးအပ်ကာ ၎င်းတို့၏ အုပ်ထိန်းသူမိဘဆွေမျိုးများထံသို့ ပြန်လည်အပ်နှံခဲ့။**
- **ဇွန်လ ၂၂ ရက်အထိ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ၅ ဦး၊ မန္တလေးတိုင်းဒေသကြီးအတွင်းမှ ၂၄ ဦး၊ မကွေးတိုင်းဒေသကြီးအတွင်းမှ ၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းမှ ၁၁ ဦး၊ ပဲခူးတိုင်းဒေသကြီးအတွင်းမှ ၆ ဦး စုစုပေါင်း ၇၀ ဦး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ခဲ့ပြီးဖြစ်။**

# မြို့နယ်အချို့ရှိ PDF အကြမ်းဖက်သမားများက ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန် ရည်ရွယ်၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီး




**ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ ရပ်ကွက်(၁)ရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမားများက လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ခဲ့၍ ပျက်စီးခဲ့မှု**

ကျောင်းသား၊ ကျောင်းသူများ၏ ပညာရည်မြင့်မားရေးအတွက် အစိုးရ၏ဆောင်ရွက်ချက်များအပေါ် ဖျက်လိုဖျက်ဆီးစိတ်ဓာတ်ဖြင့် မြန်မာနိုင်ငံတစ်ဝန်း၌ အဖျက်အမှောင့်လုပ်ရပ်များကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်နေသည့် PDF အကြမ်းဖက်အဖွဲ့များက ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ရည်ရွယ်ချက်များဖြင့် ကျောင်းသား၊ ဆရာ၊ မိဘများအား ခြိမ်းခြောက်အကြပ်ကိုင်ခြင်း၊ ဖမ်းဆီးသတ်ဖြတ်ခြင်းများ၊ ကျောင်းသား/ သူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ခြင်းမရှိစေရန် စာသင်ကျောင်းများအား လက်လုပ်မိုင်းများဖြင့်လည်းကောင်း၊ မီးရှို့ဖျက်ဆီးခြင်းဖြင့်လည်းကောင်း ပညာရေးကဏ္ဍအား ဆက်တိုက် တိုက်ခိုက်လျက်ရှိပါသည်-

- ဇွန်လ ၂၁ ရက်တွင် မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် ပညာရေးမှူးရုံးဝင်းရှိ အားကစားခန်းမအုတ်နံရံအနီး ပန်းပင်များအတွင်း၌ အပြာရောင်ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ၂ လုံးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက တွေ့ရှိရသဖြင့် သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့။
- ဇွန်လ ၂၂ ရက်တွင် ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အောင်ပန်းမြို့၊ သာမိုင်းခမ်းကျေးရွာ မူလွန်ကျောင်း Grade-4 စာသင်ခန်းအတွင်းနံရံထောင့်၌ အကြမ်းဖက်သမားများက ခြိမ်းခြောက်စာတစ်စောင်နှင့်အတူ Keypad ဖုန်းဖြင့် ချိတ်ဆက်ထားသည့် လက်လုပ်မိုင်းတစ်လုံး လာရောက်ချထားခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးပြီး လက်လုပ်မိုင်းအား စနစ်တကျ ရှင်းလင်းခဲ့။
- ဇွန်လ ၂၃ ရက်တွင် မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမား ၂ ဦးက လက်လုပ်ဗုံး ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သဖြင့် KG ဆောင်နှင့် Grade-1 စာသင်ဆောင် နောက်ကျောဘက်သို့ ကျရောက်ပေါက်ကွဲခဲ့။
- ဇွန်လ ၂၄ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ရှိ ပညာရေးဒီဂရီကောလိပ်၊ လေ့ကျင့်ရေးအလယ်တန်းကျောင်းအား အကြမ်းဖက်သမား ၂ ဦးက လက်လုပ်ဗုံးတစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ လက်လုပ်ဗုံးမှာ ကျောင်းဝင်ပေါက်အရှေ့ရှိ သာစည်လမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့။
- ကချင်ပြည်နယ်၊ ဖားကန့်မြို့နယ်၊ ဆိပ်မူကျေးရွာ ရပ်ကွက်(၁)ရှိ အခြေခံပညာအထက်တန်းကျောင်းအား အကြမ်းဖက်သမား ၂ ဦးက လက်လုပ်မိုင်း ၁ လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ ပေါက်ကွဲမှုကြောင့် စာကြည့်တိုက်တွင် တပ်ဆင်ထားသည့် ပြတင်းတံခါးမှန်များ၊ နှစ်ထပ်ကျောင်းဆောင် အောက်ထပ်ရှိ စာသင်ခန်း၏ လေကာမှန်၊ ပြတင်းတံခါးမှန်များနှင့် နှစ်ထပ်ကျောင်းဆောင်အမိုး၊ မျက်နှာကျက်တို့ ထိခိုက်ပျက်စီးခဲ့။
- ဇွန်လ ၂၅ ရက်တွင် နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ အလယ်ချောင်း(အောက်)ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ ကျောင်းလိုင်းခန်းရှေ့၌ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်တာ၊ မူလတန်းပြဆရာ ဦးနေဝင်းထွန်းနှင့် ဦးလှိုင်မင်းထွန်းတို့ ၃ ဦး ထမင်း



**မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းအား  အကြမ်းဖက်သမားများက လက်လုပ်ဗုံးဖြင့် ပစ်ပေါက်ခဲ့မှု**



**မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ် ပညာရေးမှူးရုံးဝင်းရှိ အားကစားခန်းမအုတ်နံရံအနီး ပန်းပင်များအတွင်း၌ အပြာရောင်ကွန်ကျူးပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်း ၂ လုံးအား တွေ့ရှိမှု**

စားနေစဉ် ကျောင်းအပြင်ဘက်လမ်းမပေါ်မှနေ၍ အကြမ်းဖက်အမျိုးသား ၂ ဦး (စိစစ်ဆဲ)က သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် ဦးနေဝင်းထွန်းတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့ပြီး ဦးလှိုင်မင်းထွန်းတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိခဲ့။

အထက်ပါဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီး၍ ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၇-၆-၂၀၂၂)**

- **ပျဉ်းမနားမြို့နယ်၊ အလယ်ချောင်း(အောက်)ကျေးရွာရှိ အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်းရှိ ကျောင်းလိုင်းခန်းရှေ့၌ ကျောင်းအုပ်ဆရာကြီးနှင့် မူလတန်းပြဆရာ ၂ ဦးတို့အား အကြမ်းဖက်သမားများက သေနတ်ဖြင့် ပစ်ခတ်ထွက်ပြေးသွားခဲ့သဖြင့် မူလတန်းပြဆရာ ဦးနေဝင်းထွန်းတွင် သေနတ်ထိမှန်ဒဏ်ရာများရရှိကာ အခင်းဖြစ်နေရာ၌ သေဆုံးသွားခဲ့။**

- ကျောင်းသား/သူများ အေးချမ်းစွာ ပညာသင်ကြားနိုင်ခြင်းမရှိစေရန် ပြည်နယ်နှင့် တိုင်းဒေသကြီးအချို့ရှိ စာသင်ကျောင်းများအား လက်လုပ်မိုင်းများဖြင့် ဆက်တိုက် တိုက်ခိုက်လျက်ရှိ။
- PDF အကြမ်းဖက်သမားများသည် ၎င်းတို့ကို အကြောက်တရားဖြင့် ထောက်ခံအားပေးလာစေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် နည်းလမ်းမျိုးစုံ အသုံးပြု၍ ပညာရေးကဏ္ဍမြင့်မားရေးကို နှောင့်ယှက်ဖျက်ဆီးလျက်ရှိ။

## မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများပြုလုပ်



ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ်မြို့နယ်၌ စာသင်ကျောင်းနံရံများတွင် ခြိမ်းခြောက်စာများကပ်ထားမှု

NUG နှင့် ၎င်း၏လက်အောက်ခံ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သမားများက အနာဂတ်ရင်သွေးငယ်များ၏ ပညာသင်ကြားသင်ယူခွင့် အခွင့်အလမ်းများ ပျက်ပြား၍ ပညာမဲ့လူတန်းစားများ ဖြစ်ပေါ်လာစေရန်နှင့် ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန် ယုတ်မာရိုင်းစိုင်းသော ရည်ရွယ်ချက်များဖြင့် စာသင်ကျောင်းများတွင် ဆန့်ကျင်ခြိမ်းခြောက်စာများ ရေးသားချိတ်ဆွဲ၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများ လုပ်ဆောင်လျက်ရှိပါသည်-

- ဇွန်လ ၂၁ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွတ်ခိုင်မြို့နယ်အတွင်းရှိ စာသင်ကျောင်း ၆ ကျောင်းသို့ အကြမ်းဖက်သမား ၂ ဦးက "**တားမြစ်သတိပေးချက်**" ခေါင်းစဉ်ဖြင့် ခြိမ်းခြောက်စာများအား ထမင်းစားကျောင်းဆင်းချိန်တွင် ကျောင်းပြင်ပနေအိမ်သို့ ထမင်းပြန်စားသော ကျောင်းသားများမှတစ်ဆင့် ကျောင်းအုပ်ကြီးများထံသို့ ပေးပို့ဖြန့်ဝေခိုင်းခဲ့။
- ဇွန်လ ၂၂ ရက်တွင် ကရင်ပြည်နယ်၊ သံတောင်ကြီးမြို့နယ်၊ ရွှေညောင်ပင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ်၊ လေးပင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌လည်းကောင်း၊ အမရပူရမြို့နယ်၊ အောင်ချမ်းသာရပ်ကွက်ရှိ မြစ်ငယ်အခြေခံပညာအထက်တန်းကျောင်း၌လည်းကောင်း၊ မကွေးတိုင်းဒေသကြီး၊ သရက်မြို့နယ်၊ သဲဖြူကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၌လည်းကောင်း PDF အကြမ်းဖက်သမားများက ကျောင်းတက်ရောက်မှုကို ခြိမ်းခြောက်သည့် ခြိမ်းခြောက်စာများ လာရောက်ချိတ်ဆွဲထားခဲ့။
- ဇွန်လ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ထုံးဘိုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၊ မွန်ပြည်နယ်၊ သထုံမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်ရှိ အခြေခံ



**ကလောမြို့နယ်၊ သာမိုင်းခမ်းကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ အကြမ်းဖက်သမားများက လက်လုပ်မိုင်းတစ်လုံးနှင့် ခြိမ်းခြောက်စာတစ်စောင် လာရောက်ချထားမှု မှတ်တမ်းဓာတ်ပုံ**

ပညာ အလယ်တန်းကျောင်းတို့၌ အကြမ်းဖက်သမားများ က ခြိမ်းခြောက်စာများ ကပ်သွားခဲ့။

- နေပြည်တော်ပြည်ထောင်စုနယ်မြေ၊ ဥတ္တရသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမ ကြီး၏ လက်ကိုင်ဖုန်းအတွင်းသို့ “**ကျောင်းဆက်လက် မတက်ဖို့ မေတ္တာရပ်ခံသတိပေးအပ်ပါတယ်။ ကျွန်တော် တို့၊ ကျွန်မတို့၏ သတိပေးမှုကို အလေးမထားဘဲ ရှေ့ဆက် မည်ဆိုပါက ဆရာမကြီးနှင့် ဆရာမကြီး၏မိသားစုအသက် အန္တရာယ်အား တာဝန်ယူမည်မဟုတ်**” ဟု ခြိမ်းခြောက် စာပေးပို့ခဲ့။
- ရန်ကုန်တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်ရှိ အခြေခံပညာ မူလတန်းကျောင်းအတွင်း၌ PDF အကြမ်းဖက်သမားများ က ကလေးငယ်များ၏ ပညာသင်ကြားမှုများ ဆက်လက် မပြုလုပ်ရန် ရေးသားထားသည့် ခြိမ်းခြောက်စာတစ်စောင် ကို လာရောက်ပစ်ပေါက်ချထားခဲ့။
- ဇွန်လ ၂၅ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မူဆယ် မြို့နယ်၊ ဆယ်လန့်အခြေခံပညာအထက်တန်းကျောင်း၊ နမ့်ပတီးအခြေခံပညာမူလတန်းကျောင်း၊ မန်နယ်အခြေခံ ပညာမူလတန်းကျောင်းနှင့် နမ့်စမ်ဂိုဒေါင်အခြေခံပညာမူလ တန်းကျောင်း၊ ဖိုင်းကျောင်းအခြေခံပညာမူလတန်းကျောင်း တို့ရှိ ကျောင်းနံရံများတွင် အကြမ်းဖက်သမားများက ခြိမ်း ခြောက်စာများကပ်ထားခဲ့။
- ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမ ဒေါ်မန်းတူလ် ကျိန်၏မိခင်ဖြစ်သူ ဒေါ်ဒိပ်ဒိုးကျိန်(၇၈)နှစ်သည် ၎င်း၏ နေအိမ်၌ရှိနေစဉ် အကြမ်းဖက်သမား ၂ ဦးရောက်ရှိလာပြီး နေအိမ်အတွင်းသို့ ဝင်ရောက်လာကာ ချင်းဘာသာ/ မြန်မာ ဘာသာစကားတို့ဖြင့် ရေးသားထားသော ခြိမ်းခြောက်စာ ၂ စောင်အား ပေးအပ်ခဲ့။


အထက်ပါဖြစ်စဉ်များမှ ကျောင်းသား၊ ကျောင်းသူ၊ ဆရာ၊ မိဘများအား အထိတ်တလန့်ဖြစ်စေရန်နှင့် စာသင် ကျောင်းများ ဖွင့်လှစ်သင်ကြားခြင်းမပြုနိုင်စေရန် ရည်ရွယ်၍ ခြိမ်းခြောက်အကြမ်းဖက်ခြင်းများပြုလုပ်ခဲ့သည့် အစွန်းရောက် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိ ကြောင်း သိရှိရပါသည်။

**(မြဝတီသတင်းစာ ၂၇-၆-၂၀၂၂)**


- **PDF အကြမ်းဖက်သမားများက ပြည်နယ်နှင့်တိုင်းဒေသကြီးအချို့ရှိ အခြေခံပညာကျောင်းများ၏ နေရာအနှံ့၌ ခြိမ်း ခြောက်စာများ ချိတ်ဆွဲရေးသားခြင်းများ၊ ဆရာ၊ ဆရာမများထံသို့ ခြိမ်းခြောက်စာများ ပေးပို့ဖြန့်ဝေခြင်းများအား ဆက်တိုက်ပြုလုပ်လျက်ရှိ။**

**မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**






သံတောင်ကြီးမြို့နယ်၊ ရွှေညောင်ပင်ကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်းခြံစည်းရိုး၌ အကြမ်းဖက်သမားများ ချိတ်ဆွဲထားသည့် ခြိမ်းခြောက်စာ မှတ်တမ်းဓာတ်ပုံ



ထန်းတပင်မြို့နယ်၊ ရေတွင်းကုန်းကျေးရွာရှိ အခြေခံပညာ မူလတန်းကျောင်းအတွင်း၌ PDF အကြမ်းဖက်သမားများ ပေးပို့သည့် ခြိမ်းခြောက်စာ မှတ်တမ်းဓာတ်ပုံ




သရက်မြို့နယ်၊ သဲဖြူအခြေခံပညာအလယ်တန်းကျောင်းခွဲ၌ အကြမ်းဖက်သမားများ ချိတ်ဆွဲထားသည့် ခြိမ်းခြောက်စာ မှတ်တမ်းဓာတ်ပုံ





မန္တလေးတိုင်းဒေသကြီး၊ တောင်သာမြို့နယ်၊ ကြီးပင်တဲကျေးရွာရှိ အခြေခံပညာအလယ်တန်းကျောင်း၌ ခြိမ်းခြောက်စာတစ်စောင်တွေ့ရှိရမှု



စစ်ကိုင်းမြို့နယ်၊ ထုံးဘိုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ခြိမ်းခြောက်စာတစ်စောင် တွေ့ရှိရမှု

**မြို့နယ်အချို့၌ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားမှုကို မလိုလားသူ နိုင်ငံရေးအစွန်းရောက်များက အကြမ်းဖက်ခြိမ်းခြောက်မှုများပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ**



ZFU/PDF-ZOLAND

ZFU/PDF-ZOLAND

ZFU/PDF-ZOLAND

Tedim gam sunga om Non-CDM Sangsia te, Boarder hong te, Sang naupang' nu le pa te, Khuanu Khuapu te leh Biakna makai te tungah Zaksokna

Laipai - 20220604

Ani - 25.6.2022 (Sat)

Ukna buluh ngongtat galkap te' makaihna tawh a kibong Sang te ah Ukna buluh ngongtat galkap te' khutnuai ah na a sem Non-CDM Sang sia/siama te, galkap te tawh a kizom Boarder te, tua mun te ah sang a kahuak na leh pa te, ukna buluh galkap te' khutnuai ah sangkah ding a vaihawm a hanthawn Khuanu Khuapu (pawlkhat) te leh Biakna makai (pawlkhat) te aw, na gamtatna te uh 28.6.2022 (Tuesday) ni ma peuhmah in na khawl un.


Ong kigen thu zui lo-in, sang na hon/kah teitei vua leh Tedim Khuapi sungah ni leh nai hanna piang dinga, tua hang a piankhak leh PDF-ZOLAND in nong mawhsak loh na ding uh kong zasak khol uh hi.

ZFU/PDF-ZOLAND

Copy

- Khuanu Khuapu te
- Pawlpi kim

ချင်းပြည်နယ်၊ တီးတိန်မြို့နယ်၌ ကျောင်းအုပ်ဆရာမကြီး၏နေအိမ်သို့ ခြိမ်းခြောက်စာပေးပို့သွားမှု



သထုံမြို့နယ်၊ ရှမ်းစုကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ခြိမ်းခြောက်စာ ရေးသားထားမှု

# PDF အကြမ်းဖက်သမားများ၏ Drone ယာဉ်ဖြင့် လေကြောင်းမှ တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး



**မြိုင်မြို့နယ်၊ ထန်းဘူးတောကျေးရွာ၌ PDF အကြမ်းဖက်သမားများက Drone ယာဉ်ဖြင့် လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး/ဒဏ်ရာရရှိခဲ့သည့် မှတ်တမ်းဓာတ်ပုံ**

NUG၊ CRPH အကြမ်းဖက်အဖွဲ့များနှင့် ၎င်းတို့၏ လက်အောက်ခံ PDF အကြမ်းဖက်သမားများသည် ၎င်းတို့၏အစွန်းရောက်နိုင်ငံရေးအယူဝါဒများကို အခြေခံ၍ ဒေသအချို့၌ အစိုးရရုံးအဆောက်အဦများ၊ ပြည်သူပိုင်အဆောက်အဦ၊ လမ်းတံတားများ၊ ကျေးရွာများအား မီးရှို့ဖျက်ဆီးခြင်း၊ ဗုံးခွဲတိုက်ခိုက်ခြင်းများနှင့် စေတီပုထိုးများ၊ ကျေးရွာနှင့် ပြည်သူလူထုအား အကာအကွယ်ယူ၍ လုံခြုံရေးတပ်ဖွဲ့များအား တိုက်ခိုက်ခြင်းများအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တိုက်ခိုက်သည်ဟုအကြောင်းပြ၍ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ပြည်သူ့ဆေးရုံများနှင့် ရပ်ကွက်၊ ကျေးရွာများအတွင်း Drone ယာဉ်များအသုံးပြု၍ လေကြောင်းမှ တိုက်ခိုက်ခြင်းများအထိပါ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိပါသည်။

- ဇွန်လ ၂၁ ရက်တွင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ မြောက်ကုန်းရပ်ကွက်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးအား PDF အကြမ်းဖက်အဖွဲ့က Drone ယာဉ်တွင် လက်လုပ်ဗုံး ၁ လုံး ချိတ်ဆွဲပစ်ချတိုက်ခိုက်ခဲ့သဖြင့် ဆေးရုံဝင်းအတွင်းရှိ ပြင်ပလူနာဆောင်ရှေ့ ပေ ၂၀ ခန့်အကွာသို့ ကျရောက်ပေါက်ကွဲခဲ့ပြီး လူထိခိုက်ဒဏ်ရာရရှိမှုမရှိ။
- ဇွန်လ ၂၂ ရက်တွင် မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ်၊ ထန်းဘူးတောကျေးရွာ၌ လက်သမားလုပ်ငန်းလုပ်ကိုင်သည့် ဦးစိန်မောင်နှင့် မိသားစုဝင်များသည် နေအိမ်၌ရှိနေစဉ် PDF အကြမ်းဖက်သမားများက ဒေသန္တရလက်လုပ်ဗုံးများအား Drone ယာဉ်၌ ချိတ်ဆွဲ၍ ၎င်းတို့၏နေအိမ်ပေါ်သို့ အကြောင်းမဲ့ ဖြုတ်ချခဲ့ရာ နေအိမ်ရှေ့သို့ ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါပေါက်ကွဲမှုကြောင့် ဒေါ်စောနွယ် (၆၇)နှစ်နှင့် (၅) လသားအရွယ် အမြွှာကလေးငယ် ၁ ဦးတို့တွင် (စိုးရိမ်ရ) ဒဏ်ရာများရရှိခဲ့ပြီး ကျန်အမြွှာကလေးငယ် ၁ ဦးနှင့် မိသားစုဝင် ၃ ဦးတို့တွင်လည်း ဒဏ်ရာများအသီးသီး ရရှိခဲ့သဖြင့် မြိုင်မြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူခဲ့သော်လည်း ဒေါ်စောနွယ်နှင့် (၅) လသားအရွယ် အမြွှာကလေး ၁ ဦးတို့သည် ရရှိဒဏ်ရာများဖြင့် သေဆုံးသွားခဲ့။

PDF အကြမ်းဖက်သမားများအနေဖြင့် တစ်ဖက်သတ် အစွန်းရောက်ဝါဒစွဲအပေါ် အခြေခံကာ စစ်ရေးနှင့်မသက်ဆိုင်သော အစိုးရရုံးအဆောက်အဦများနှင့် အများပြည်သူ နေအိမ်များအား အသိဉာဏ်နည်းပါးစွာ မီးရှို့ဖျက်ဆီးခြင်းများအပြင် အများပြည်သူတို့၏ ကျန်းမာရေးဆိုင်ရာ အခက်အခဲများအား ကူညီစောင့်ရှောက်မှုပေးနေသည့် ဆေးရုံများအား ဖောက်ခွဲဖျက်ဆီးခြင်းများကို လုပ်ဆောင်နေခြင်းသည် နိုင်ငံတကာမှ လက်မခံနိုင်သည့် စစ်ရာဇဝတ်မှုကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့လုပ်ရပ်

များအား ပြည်သူများက ပြစ်တင်ရှုတ်ချလျက်ရှိသည့်အပြင် ဝိုင်းဝန်းဆန့်ကျင်ကြရန် လိုလားလျက်ရှိကြောင်း သိရှိရပါသည်။

အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ အကြမ်းဖက်မှုကို ကျူးလွန်ခဲ့သူများအား ဖမ်းဆီးရမိရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၄-၆-၂၀၂၂)**



**ဒဏ်ရာရရှိခဲ့သည့် ၅ လသားအရွယ် အမြွှာကလေးငယ်**



**သေဆုံးခဲ့သည့် ၅ လသားအရွယ် အမြွှာကလေးငယ်**

- **ဂန့်ဂေါမြို့နယ်ရှိ ခရိုင်ပြည်သူ့ဆေးရုံကြီးအား PDF အကြမ်းဖက်အဖွဲ့က Drone ယာဉ်တွင် လက်လုပ်ဗုံး ၁ လုံး ချိတ်ဆွဲပစ်ချတိုက်ခိုက်ခဲ့။**
- **မြိုင်မြို့နယ်၊ ထန်းဘူးတောကျေးရွာ၌ PDF အကြမ်းဖက်သမားများက Drone ယာဉ်ဖြင့် လေကြောင်းမှ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ အပြစ်မဲ့ ၅ လသားအရွယ် အမြွှာကလေးငယ် ၁ ဦးနှင့် အမျိုးသမီး ၁ ဦးတို့ သေဆုံးခဲ့ပြီး ကျန်အမြွှာကလေးငယ် ၁ ဦးနှင့် မိသားစုဝင် ၃ ဦး ဒဏ်ရာရရှိခဲ့။**

## PDF အကြမ်းဖက်အဖွဲ့က မြို့ရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် မဆင်မခြင် ပစ်ခတ်မှုကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး

နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်အဖွဲ့များအနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်၍ စစ်ရေးပစ်မှတ်မဟုတ်သည့် အပြစ်မဲ့ပြည်သူများ နေထိုင်ရာ မြို့ရွာများအတွင်းသို့ လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ လမ်းတံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းစသည့် အကြမ်းဖက်မှုလုပ်ရပ်များအား လုပ်ဆောင်လျက်ရှိပါသည်။

- ဇွန်လ ၂၃ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၌ PDF အကြမ်းဖက်အဖွဲ့က ချောင်းဦးမြို့တွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် မဆင်မခြင် လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အကြမ်းဖက်အဖွဲ့များ ပြန်လည်ဆုတ်ခွာထွက်ပြေးသွားခဲ့သော်လည်း ၎င်းတို့၏ပစ်ခတ်တိုက်ခိုက်မှုကြောင့် တမာမြိုင်ရပ်ကွက်ရှိ လူနေအိမ်များပေါ်သို့ လက်လုပ်စိန်ပြောင်းကျည်များ ကျရောက်ပေါက်ကွဲခဲ့ပြီး အဆိုပါရပ်ကွက်နေ အပြစ်မဲ့ပြည်သူ အမျိုးသမီး ၂ ဦး သေဆုံး၍ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၂ ဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သဖြင့် ဆေးကုသနိုင်ရေး ချောင်းဦးမြို့နယ်၊ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်းနှင့် တာဝန်ရှိသူများက ထောက်ပံ့ငွေများ ပေးအပ်ခဲ့။
- ဇွန်လ ၂၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့နယ်၊ ပေါမမြိုင်ကျေးရွာအတွင်းသို့ PDF အကြမ်းဖက်အဖွဲ့က လက်နက်ကြီးဖြင့် မဆင်မခြင် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဆိုပါကျေးရွာနေ ဦးအုန်းမောင်(၆၀)နှစ်၏ နေအိမ်ပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့ပြီး ပေါက်ကွဲမှုကြောင့် ဦးအုန်းမောင်တွင် မိုင်းစထိမှန်ဒဏ်ရာများရရှိကာ နေအိမ်အမိုး၊ အကာနှင့် ကြမ်းပြင်များ ပေါက်ပြဲပျက်စီးခဲ့ကြောင်းနှင့် ဒဏ်ရာ



PDF အကြမ်းဖက်အဖွဲ့က ချောင်းဦးမြို့တွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အမျိုးသမီးတစ်ဦး



PDF အကြမ်းဖက်အဖွဲ့က ချောင်းဦးမြို့တွင်းသို့ လက်လုပ်စိန်ပြောင်းများ ဖြင့် ရမ်းသမ်းပစ်ခတ်တိုက်ခိုက်မှုကြောင့် ပျက်စီးခဲ့သည့် နေအိမ်များမှ မိသားစုဝင်တစ်ဦးအား တာဝန်ရှိသူများက ထောက်ပံ့ငွေများပေးအပ်နေမှု



PDF အကြမ်းဖက်အဖွဲ့က ကသာမြို့နယ်၊ ပေါမမြိုင်ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် ရမ်းသမ်းပစ်ခတ် တိုက်ခိုက်မှုကြောင့် ဒဏ်ရာရရှိခဲ့သည့် အမျိုးသားတစ်ဦး

ရရှိသူ ဦးအုန်းမောင်အား ဆေးကုသနိုင်ရေး ကသာမြို့ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ခဲ့။

PDF အကြမ်းဖက်သမားများအနေဖြင့် စစ်ရေးနှင့် မသက်ဆိုင်သော အရပ်ဘက်နေအိမ်အဆောက်အဦများ၊ အရပ်သားပြည်သူများအပေါ် ယခုကဲ့သို့ အကြမ်းဖက်တိုက်ခိုက်ခြင်းသည် ဂျီနီဗာကွန်ဗင်းရှင်းပါ ပြဋ္ဌာန်းချက်များနှင့် အပြည်ပြည်ဆိုင်ရာဥပဒေတို့အရ စစ်ရာဇဝတ်မှု(War Crime)ကို ကျူးလွန်ခြင်းဖြစ်ပြီး ၎င်းတို့ကို မထောက်ခံသော မြို့ရွာများကို မီးရှို့ဖျက်ဆီးခြင်း၊ လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးခဲ့မှုအပေါ် ပြည်သူလူထုတစ်ရပ်လုံးက အဆိုပါအကြမ်းဖက်အဖွဲ့ကို ရွံရှာမုန်းတီး၍ ဆန့်ကျင်လျက်ရှိပါသည်။

ထိုကဲ့သို့ စစ်ရေးပစ်မှတ်မဟုတ်သည့် မြို့ရွာများအတွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် ပစ်ခတ်ကာ အပြစ်မဲ့ပြည်သူများအား ထိခိုက်ဒဏ်ရာရရှိသေဆုံးစေခဲ့သည့် အကြမ်းဖက်သမားများအား ဖော်ထုတ်ဖမ်းဆီးအရေးယူနိုင်ရေး နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါသည်။

**(မြဝတီသတင်းစာ ၂၇-၆-၂၀၂၂)**

- **PDF အကြမ်းဖက်အဖွဲ့က ချောင်းဦးမြို့တွင်းသို့ လက်လုပ်စိန်ပြောင်းများဖြင့် မဆင်မခြင် လာရောက်ပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့ပြည်သူ အမျိုးသမီး ၂ ဦး သေဆုံး၍ အမျိုးသား ၂ ဦးနှင့် အမျိုးသမီး ၂ ဦးတို့ဒဏ်ရာရရှိ။**
- **PDF အကြမ်းဖက်အဖွဲ့က ကသာမြို့နယ်၊ ပေါမမြိုင်ကျေးရွာအတွင်းသို့ လက်နက်ကြီးဖြင့် မဆင်မခြင်ပစ်ခတ်တိုက်ခိုက်မှုကြောင့် လူနေအိမ် ၁ လုံးပျက်စီး၊ အပြစ်မဲ့ပြည်သူ အမျိုးသား ၁ ဦး ဒဏ်ရာရရှိ။**